ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်
National Community Driven Development Project
**NCDDP**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



ဒေါပဲ့ဒူကျေးရွာ ၊ ဒေါဖုကျေးရွာအုပ်စု

ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## ဒေါပဲ့ဒူကျေးရွာ ၊ ဒေါဖူကျေးရွာအုပ်စု

### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ......၁

ကျေးရွာအုပ်စုမြေပုံ......၂

ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း......၃

ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ......၄

- လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်......၅
- ကျေးရွာသမိုင်းအကျဉ်းချုပ်......၆
- ဥတုရာသီ ကွဲပြားမှု အဆင့်သတ်မှတ်ခြင်း......၇
  - ဥတုရာသီကွဲပြားမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်......၈
- ကျား/မ ပင့်ကူအိမ်......၁၀
  - ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်......၁၁
- အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ......၁၃
  - အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်......၁၄
- ရာသီခွင်ပြ ပြက္ခဒိန်......၁၅
  - ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်......၁၆

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ......၁၉

ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ **(PC-၁)**......၂၁

ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)......၂၄


ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)......၂၆

နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ......၂၈


ကျေးရွာအစည်းအဝေးမှတ်တမ်းများ......၃၀

လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်......၃၁

ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ



## ကျေးရွာအုပ်စုမြေပုံ



ဒေါဖုဲ ကျေးရွာအုပ်စုမြေပုံ
မ
န
ရ
တ
အညွှန်း
အုပ်စုရွာ
ကျေးရွာ
ရွာလမ်း
ကတ္တရာလမ်း
နယ်နိမိတ်
တဖို
ဘိုးလျား
ဒေါပဲ့ဒူ
ဒေါဖုဲ
ဒေါဆိုရှ
စော်ဘွားဒေါပဲ့
ဒေါတမကြီး သို့
ဒီးမော့ဆိုမြို့ သို့

## ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

ဒေါဖု အုပ်စု အတွင်းရှိ လူဦးရေ စာရင်းများ (၂၀၁၇ - ၂၀၁၈)

| စဉ် | ကျေးရွာအမည် | လူဦးရေ | | | အိမ်ခြေ | အိမ်ထောင်စု | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | ကျား | မ | စုစုပေါင်း | | | |
| ၁။ | ဘိုးလျှား | ၁၃၉ | ၁၆၃ | ၃၀၂ | ၅၉ | ၅၉ | |
| ၂။ | ဒေါပဲ့ (ဆော်ဘွား) | ၅၄ | ၆၈ | ၁၂၂ | ၃၄ | ၃၄ | |
| ၃။ | တဖို | ၆၈ | ၄၉ | ၁၁၇ | ၂၃ | ၂၃ | |
| ၄။ | ဒေါဆိုဒူ | ၂၂ | ၂၄ | ၄၆ | ၁၀ | ၁၀ | |
| ၅။ | ဒေါပဲ့ဒူ | ၁၅၉ | ၁၄၆ | ၃၀၅ | ၅၁ | ၅၁ | |
| ၆။ | ဒေါဖု | ၁၀၅ | ၁၀၈ | ၂၁၃ | ၄၅ | ၄၅ | |
| | စုစုပေါင်း | ၅၄၇ | ၅၅၈ | ၁,၁၀၅ | ၂၂၂ | ၂၂၂ | |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ



## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ဒေါပဲ့ဒူကျေးရွာသည် ဒီးမော့ဆို-ဒေါတမကြီး ကတ္တရာလမ်းမကြီးဘေး စော်ဘွားဒေါပဲ့ကျေးရွာမှ အရှေ့ဘက်သို့ဖြာဆင်း၍ (၄)ဖာလုံခန့် အကွာတွင်တည်ရှိပါသည်။ ၎င်းကျေးရွာသည် အုပ်စုရွာနှင့် (၁)မိုင်အကွာအဝေးတွင် ရှိပြီး ဒီးမော့ဆိုမြို့နှင့် (၁၉)မိုင်ကွာဝေးပါသည်။ ကတ္တရာလမ်း နှင့်ချိတ်ဆက်သော ကျေးရွာလမ်းမှာ ကျောက်လမ်းဖြစ်ပြီး ပျက်စီးနေကာသွားလာရာတွင် ခက်ခဲလှ ပါသည်။ ရွာတွင်းလမ်းများမှာလည်း မြေသားလမ်းများဖြစ်ပြီး ကျေးရွာ၏ တည်နေရာပုံမှာ တိမ်း စောင်နေသဖြင့် မိုးရာသီတွင် သွားလာရခက်ခဲ့ပါသည်။ အိမ်ခြေပေါင်း(၅၃)အိမ်၊ လူဦးရေပေါင်း (၃၀၅)ဦး နေထိုင်ပါသည်။ ကျေးရွာအဝင်ထိပ်တွင် ဘော်လုံးကွင်း၊ ကိုယ်ထူကိုယ်ထ(ဆေးပေးခန်း)၊ မူကြိုကျောင်း၊ အခြေခံပညာမူလတန်းကျောင်းနှင့် ဆရာ/မနေအိမ်များရှိပါသည်။ ရွာအလယ်တွင် ကျေးရွာခန်းမဆောင်နှင့် ရေလှောင်ကန်(၄)လုံးရှိပါသည်။ ၎င်းကျေးရွာသူ/သားများသည် ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး (ကေ့ထိုးဘိုး)တံခွန်တိုင်နတ်ဘုရားအား ယုံကြည်သက်ဝင်ကြသူများဖြစ်ပြီး ရွာအရှေ့ဖက်မျက်နှာစာတွင် တည်ထားကိုးကွယ်ကြပါသည်။

ဒေါပဲ့ဒူကျေးရွာတွင် ဆက်သွယ်ရေးဖုန်းလိုင်းမရှိပါ။ ထို့ကြောင့် ဆက်သွယ်ပြောဆိုရာတွင် အချိန်ကုန်ပြီး ခက်ခဲနေပါသေးသည်။ လျှပ်စစ်မီးလည်း မရရှိသေးပါ။ ၎င်းကျေးရွာတစ်ရွာတည်းသာမကပါ။ ဒေါဖုအုပ်စုရှိ ကျေးရွာအားလုံးပင်ဖြစ်ပါသည်။ သောက်သုံးရေလည်း လုံးဝအခက်အခဲရှိသော ကျေးရွာဖြစ်ပါသည်။ ၎င်းရေအခက်အခဲကြောင့် ခေတ်အဆက်ဆက် ဒုက္ခများခံစားလာခဲ့ကြ ပြီး ကျန်းမာရေးဆိုးကျိုးများလည်း ခံစားလာခဲ့ကြရပါသည်။

၎င်းကျေးရွာတွင် ရေအရင်းအမြစ်ရှိပါသည်။ ကျေးရွာအောက် အရှေ့ဖက် (၁)မိုင်အကွာတွင် ရေနီကန်တစ်ကန်ရှိပါသည်။ ၎င်းရေနီကန်နှင့် ကျေးရွာအမြင့်ပေအကွာအဝေးမှာ (အမြင့်ပေ-၃၀၀) နီးပါးရှိသည်။ ဒေါပဲ့ဒူကျေးရွာသူ/သားတို့သည် နွေရာသီတွင် ၎င်းရေနီကန်ကို မှီခိုကာ သောက်ရေ၊ သုံးရေအဖြစ်အားထားကြရပါသည်။ သို့သော် ကျွဲ/နွားများလည်း ဝင်ရောက်သောက်သုံးနေရသဖြင့် ရေမှာ နောက်ကျိပြီး ညစ်ညမ်းလွန်းလှကာ ဝမ်းရောဂါများ ဖြစ်ပွားတတ်ပါသည်။ အချို့သော ရွာသူ/သားတို့သည်လည်း ၎င်းရေကို သုံးရေအဖြစ်သာ သုံးကြပြီး သောက်ရေကို ကျေးရွာနှင့် (၂) မိုင်ခန့်ဝေးသော ကျေးရွာအပေါ်ဘက် ဒေါဆိုခူရေကန်ကြီးသို့ သွားရောက်ခပ်ယူကြရပါသည်။ ၎င်း ရေကန်ကြီးမှလည်း (၂၀၁၅)ခုနှစ်တွင် နတလမှ သွယ်ယူပေးခဲ့ဖူးသည်။ သို့သော်မအောင်မြင်ခဲ့ပါ။ မအောင်မြင်ရခြင်းမှာလည်း ရေသွယ်ယူမှုပုံစံမှားနေလို့သာ ဖြစ်မည်ဟု သုံးသပ်မိပါသည်။ ၎င်းတို့ မှာလည်းရှိပြီးသား အရင်းအမြစ်အား ပြန်လည်တပ်ဆင်ပြီးသုံးရုံသာဖြစ်သည့်အတွက် အကုန်အကျ မများနိုင်ပါ။ ကျွမ်းကျင်လုပ်သားသာ ရှာဖို့လိုပါသည်။

ဒေါပဲ့ဒူကျေးရွာတည်ရှိပုံအနေအထားသည် ကောင်းမွန်၍ စနစ်ကျသည့်အပြင် တိုးချဲ့ရန် ဧရိယာရှိခြင်း၊ မြေဩဇာကောင်းမွန်ခြင်း၊ စိုက်ပျိုးမြေများပြားခြင်းနှင့် သစ်တောပေါများခြင်း

ကြောင့် ဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် သောက်သုံးရေများ လုံလောက်စွာရရှိနိုင်ပါက ဒေါပွဲ့ဒူကျေးရွာသည် အနာဂတ်တွင် လျင်မြန်စွာဖွံ့ဖြိုးလာမည့် ကျေးရွာတစ်ရွာဖြစ်လာမည်မှာ သေချာပါသည်။

**ကူညီပံ့ပိုးသူ - CF/ဦးတူရယ်**

**ပါဝင်ဆွေးနွေးသူ - ကျား(၃၁)ဦး၊ မ (၁၆)ဦး**

## ကျေးရွာသမိုင်းအကျဉ်းချုပ်

ဒေါပွဲ့ဒူကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်း(၂၀၀)ဝန်းကျင်တွင် တည်ရှိပြီးဒေါပွဲ့(စော်ဘွား) ကျေးရွာထက်ပို၍ ရှေးကျသော ရွာတစ်ရွာဖြစ်သည်။ ယခင်က ကျေးရွာတည်နေရာမှာ ယခုကျေးရွာ အရှေ့ချိုင့်ဝှမ်းထဲတွင် ရှိသည်။ အိမ်ခြေ(၁၀၀)ရှိခဲ့ဖူးသည်။ ကပ်ရောဂါကြောင့် လူအများအပြား သေ ဆုံးခဲ့ပြီး အပေါ်ဘက်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။ ၁၉၇၈ ခုနှစ်တွင် ကပ်ရောဂါကျရောက်ခဲ့ ပြန်သည်။ ဤတစ်ကြိမ်တွင် လူ(၂၄)ဦးသေဆုံးခဲ့ရပါသည်။ ဤသို့ဖြစ်သည်ကို မိမိတို့ထင်မြင်ယူဆ ချက်အရ ပထမဆုံးသေသော "အသုဘ"တွင် "ချို" အောက်သို့ငိုက်ကျနွားကို မသာနွားအဖြစ် ပို့ ဆောင်သတ်ဖြတ်မိသောကြောင့် ဤအဖြစ်ဆိုးများနှင့် ကြုံရသည်ဟုလည်းထင်မြင်ယူဆကြပါသည်။ ၁၉၈၀ ခုနှစ်တွင်လည်း မီးဘေးနှင့်ကြုံရပြန်သည်။ နေအိမ်များလည်းမီးလောင်ပျက်စီးခဲ့ရသည်။

၁၉၉၆ ခုနှစ်သို့ရောက်သောအခါ နိုင်ငံရေးအခြေအနေမတည်ငြိမ်မှုကြောင့် စစ်ဘေးသင့်ရွာ ဖြစ်ပြီး ထီးပိုးကလိုးကျေးရွာဘက်သို့ ရွာရှောင်ကာ နေထိုင်ခဲ့ကြသည်။ (၂)နှစ်ခန့်ကြာသောအခါတွင် ကျေးရွာသို့ ပြန်လာရန် ပြန်လည်ပြင်ဆင်ခဲ့ရာ စော်ဘွားဒေါပွဲ့တွင် နေထိုင်ခဲ့ကြပြီး ၂၀၀၁ ခုနှစ်မှသာ ဒေါပွဲ့ဒူကျေးရွာသို့ ပြန်လည်နေထိုင်နိုင်ခဲ့ပါသည်။ ထိုစဉ် အိမ်ခြေ(၃)အိမ်သာ ပြန်လည်နေထိုင်ခဲ့ကြ ပြီး ယခုတွင် အိမ်ခြေ(၅၃)အိမ်တိုးလာကာ လူဦးရေ (၃၀၅)ဦးဖြင့် နေထိုင်ကြပါသည်။


ဒေါပွဲ့ဒူကျေးရွာသူ/သားများသည် ၁၉၈၁ ခုနှစ်တွင် ကိုယ်ထူကိုယ်ထဖြင့် စာသင်ကျောင်းကို ဆောက်လုပ်ပြီး ကျောင်းဆရာတစ်ဦးကို ငှားကာ(၃)နှစ်ခန့် သားသမီးများအား စာကို သင်ကြားစေ ခဲ့ပါသည်။ ထို့နောက် (၁၉၈၄)ခုနှစ်တွင် အစိုးရမှ အသိအမှတ်ပြုပေးပြီး ကျောင်းဆောင်ဟောင်းတွင် ဆက်လက်ပညာသင်ကြားကြကာ နောက်မှ စာသင်ဆောင်သစ်များကို ပံ့ပိုးဆောက်လုပ်ပေးခဲ့သည်။

ယခင်က ဒေါပွဲ့ဒူကျေးရွာ၏ အမည်အခေါ်အဝေါ်မှာ "ဒေါဖရဲတူ"ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ "ဒေါဖရဲတူ"၏ အဓိပ္ပါယ်မှာ "သူတစ်ပါးအား ကြည့်ရှုစောင့်ရှောက်သောသူ" ဟု အဓိပ္ပါယ်ရှိသည်။ ဤသို့ ခေါ်ဝေါ်ရခြင်းမှာ ရှေးတုန်းက တန်ခိုးရှင်တစ်ဦးမှ မိန့်ဆိုခဲ့သော စကားတစ်ခွန်းဖြစ်သည်။ မိန့်ဆိုခဲ့သော စကားတစ်ခွန်းမှာ "ကမ္ဘာကြီးမီးလောင်လိမ့်မည် ဒါကြောင့် သင်တို့တစ်ရွာတည်းသာ လျှင်ကွက်၍ ကြည့်ရှုစောင့်ရှောက်ပေးမည်" ဟု

မိန့်ဆိုခဲ့သောကြောင့်ဖြစ်သည်။ ထိုအချိန်မှစ၍ “ဒေါဖရဲတူ”ဟု ခေါ်ခဲ့ကြရာ နောက်တွင် တိုင်းရင်းသားတို့၏ အခေါ်အဝေါ်များသည် ဗမာလို ရေးရန်ခက်ခဲ့သောကြောင့် ထွေအုပ်ရုံးမှ “ဒေါပဲ့ဒူ”အမည်ဖြင့် ပြောင်းလဲလာခဲ့သည်။ “ဒေါဖရဲတူ” အနေဖြင့်သွားကာ ပြန်ခါမှ “ဒေါပဲဒူ”ဖြစ်ရပါတော့သည်။

**ကူညီပံ့ပိုးသူ - CF/ဦးတူရယ်**

## ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း


ကျေးရွာ - ဒေါပဲ့ဒူ
အုပ်စု - ဒေါဖ

ဥစ္စာဓန ကြွယ်ဝမှု ဇယား

ရက်စွဲ - ၂၃-၁၀-၂၀၂၃

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင့်(၁) | ဆန်စက်၊ ကိုင်းကျွန်း၊ ထော်လာဂျီ၊ မြေဧက (၃) အထက်၊ စပါး ... ရှိခြင်း၊ လက်မှုပညာရှိခြင်း၊ နွား (၃ကောင်အထက်) ဆိုင်ကယ်၊ ဈေးဆိုင်၊ ကျွဲ (၃ကောင်အထက်)၊ တီဗီ၊ | ၈ | |
| အဆင့်(၂) | တစ်နှစ်စာ စားဝတ်နေရေး ပြည့်စုံ၊ နွားလှည်း၊ ဆိုင်ကယ် အသုံးစရိတ် များခြင်း၊ ကျန်းမာရေး ကောင်း၊ တီဗီ၊ ဈေးဆိုင်၊ မြေဧက (၃) အထက်၊ | ၂၂ | |
| အဆင့်(၃) | ကလေး များခြင်း၊ တစ်ဝမ်းစာ ရှာဖွေစားရ၊ နွား (၃) ကောင်အောက်၊ မြေဧက (၃) အောက်၊ ဆိုင်ကယ် မူလတန်း အဆင့်သာ ကျောင်းထားနိုင်၊ ကျန်းမာရေး မကောင်း၊ | ၂၃ | |

ပါဝင်ဆွေးနွေးသူ
ကျား - ၃၃
မ - ၁၆

၅၃ အိမ်

## ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်

ဒေါပဲ့ဒူကျေးရွာတွင် အိမ်ခြေပေါင်း(၅၃)အိမ်ဖြင့် ဖွဲ့စည်းထားသော ကျေးရွာတစ်ရွာဖြစ်ပါ သည်။ ၎င်းအိမ်ခြေများထဲမှ အဆင့်များထပ်မံသတ်မှတ်ကာ အဆင့်(၁)တွင် အိမ်ခြေပေါင်း(၈)အိမ်၊ အဆင့်(၂)တွင် (၂၂)အိမ်နှင့် အဆင့်(၃)တွင် (၂၃)အိမ်ဟူ၍ မိမိတို့ကိုယ်တိုင်ဆွေးနွေးတိုင်ပြင်ပြီး သတ်မှတ်ခဲ့ကြပါသည်။ ထို့နောက် အဆင့်(၃)ဆင့်တွင် ရောက်ရှိနေကြသော အိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုနှင့် လူနေမှုအဆင့်အတန်းများကို လေ့လာသုံးသပ်ရာတွင် အဆင့်(၁)တွင် ပါဝင်သောအိမ် ထောင်စုများ၏ ပိုင်ဆိုင်မှုများမှာ ဆန်စက်(သေး)၊ ကိုင်းရှည်(လယ်ထယ်စက်)၊ ထော်လာဂျီ၊ ခြံ ဧက (၃)ဧကနှင့်အထက်၊ နွား (၃)ကောင်အထက်၊ ဆိုင်ကယ်၊ ဈေးဆိုင်၊ ကျွဲ(၃)ကောင်အထက်၊ TV စသည်တို့အား ပိုင်ဆိုင်ထားရှိကြပြီး ၎င်းတို့တွင် ဆန်စက်၊ ဈေးရောင်းခြင်း၊ လက်မှုပညာရှိခြင်း တို့ကြောင့် ပုံမှန်ဝင်ငွေရရှိသူများဖြစ်ကြပါသည်။ ထို့အပြင် ကိုင်းရှည်၊ ထော်လာဂျီ၊ ကျွဲ/နွား များ ရှိသဖြင့် လယ်ခြံဧကကျယ်ကျယ်ဝန်းဝန်းပြုလုပ်နိုင်ပြီး အချိန်ကုန်သက်သာစေကာ မိသားစု၏ ကျန်းမာရေး၊ ပညာရေး အလေးပေးဆောင်ရွက်နိုင်ကြပါသည်။ အထူးသဖြင့် ၎င်းတို့တွင် ထော်လာ ဂျီစက်ရှိသဖြင့် သောက်သုံးရေရှားပါးသော်လည်း ၎င်းတို့မှာ စက်ဖြင့် ရေကို သယ်ယူ၍ လုံလောက် စွာ အသုံးပြုနိုင်ပါသည်။

ထို့နောက် အဆင့်(၂)တွင်ပါဝင်သော အိမ်ထောင်စု(၂၂)အိမ်ဖြစ်ပါသည်။ ၎င်းတို့သည် စား ဝတ်နေရေးအတွက် တစ်နှစ်စာဖူလုံသော အုပ်စုဖြစ်ပါသည်။ နွားလှည်းများအသုံးပြု၍ သစ်များ ရှာဖွေစုဆောင်းခြင်း၊ ရောင်းချခြင်းဖြင့် ဝင်ငွေကောင်းသော်လည်း ဤအလုပ်မျိုးတွင် အမျိုးသား များသာ ပြုလုပ်လေ့ရှိသဖြင့် အမျိုးသမီးများအတွက် ဝင်ငွေမရှိဘဲဖြစ်နေပါသည်။ အသုံးစရိတ်များ ကြပါသည်။ ၎င်းအုပ်စုတွင် အမျိုးသမီးများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုရှိပြီး ကျန်းမာရေး ကောင်းမွန်ကြပါသည်။ အချို့အိမ်များတွင်လည်း ဈေးဆိုင်ရောင်းခြင်းဖြင့် အမျိုးသမီးများမှာလည်း ပုံမှန်ဝင်ငွေရရှိစေပါသည်။

ထို့နောက် အဆင့်(၃)တွင် ပါဝင်သော အိမ်ထောင်စု(၂၃)အိမ်၏ ပိုင်ဆိုင်မှုများကို သုံးသပ်ရာ ၎င်းတို့တွင် ခြံမြေ(၃)ဧကအောက်ရှိပြီး လုပ်ကိုင်စားသောက်ရန်အတွက် နွားမှာ(၃)ကောင်အောက် အချို့ရှိပြီး အချို့မှာမရှိပါ။ ၎င်းခြံမြေလုပ်ကိုင်စားသောက်ရန်အတွက် စက်များငှားရမ်းခြင်း၊ အချို့ မှာ မူ လူလုပ်အားဖြင့်သာ မြေကိုလှန်၍ စိုက်ပျိုးကြရပါသည်။ ၎င်းတို့တွင် မိသားစုများသော်လည်း လုပ်ကိုင်နိုင်သောသူနည်းပါးပြီး ကလေးနှင့် သက်ကြီးရွယ်များရှိပါသည်။ ၎င်းအုပ်စုတွင် တစ်နေ့ လုပ်တစ်နေ့စားများဖြစ်ကြပါသည်။ သို့အတွက်ကြောင့် သား/သမီးပညာရေးကို ဦးစားမပေးနိုင်ဘဲ ရှိနေတတ်ပါသည်။ ငွေပိုငွေလျှံမရှိခြင်း၊ အသိပညာဗဟုသုတနည်းပါးခြင်း၊ သောက်သုံးရေရှားပါး ခြင်းကြောင့် ၎င်းအုပ်စုတွင် ဝမ်းရောဂါနှင့်ပတ်သက်သော ကျန်းမာရေးချို့တဲ့မှုများနှင့် ရင်ဆိုင်နေ ကြရပါသည်။ ဒေါပဲ့ဒူကျေးရွာတွင် ဥစ္စာဓနကြွယ်ဝမှုအဆင့်(၃)ဆင့်တွင် အဆင့်နံပါတ်(၃)သည်


ကျေးရွာအိမ်ခြေ၏ ထက်ဝက်လောက်ရှိနေသဖြင့် ဖွံ့ဖြိုးမျှနောက်ကျနေသေးသည်ဟု သုံးသပ်မိပါသည်။

ထို့ကြောင့် ၎င်းတို့အဓိကရင်ဆိုင်နေရသော ရေပြဿနာကို ဖြေရှင်းပေးခြင်းနှင့် တစ်နေ့လုပ် တစ်နေ့စားများအတွက် အလုပ်အကိုင်ဖော်ထုတ်ပေးခြင်း၊ အိမ်တွင်မှုလုပ်ငန်းသင်တန်းများပို့ချပြီး ပစ္စည်းများအား ပံ့ပိုးပေးခြင်း၊ လျှပ်စစ်မီးသွယ်တန်းပေးခြင်းများ ပြုလုပ်ပေးနိုင်ပါမှ ဖွံ့ဖြိုးတိုးတက် မှု ရရှိလာလိမ့်မည်ဟု သုံးသပ်မိပါသည်။

**ကူညီပံ့ပိုးသူ - CF/ဦးတူရယ်**

**ပါဝင်ဆွေးနွေးသူ - ကျား(၃၁)ဦး၊ မ (၁၆)ဦး**

ကျား/မ ပင့်ကူအိမ်



ဒေါ်ပဲ့ဒူကျေးရွာသူ/သားများ၏ ကျား-မရေးရာဆိုင်ရာ တန်းတူအခွင့်အရေးရရှိမှုရှိ/မရှိကို ကျေးရွာလူထုများနှင့် သုံးသပ်ဆွေးနွေးခဲ့ကြရာ အမျိုးသမီးများထက် အမျိုးသားများက ပိုမိုလွှမ်းမိုး မှု အနည်းငယ်ရှိနေသေးသည်ကို တွေ့ရှိရပါသည်။ ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် တစ်နှစ်ထက်တစ် နှစ် တိုးတက်မှုရှိနေကြောင်းကိုလည်း တွေ့ရှိရပါသည်။ ဝင်ငွေရရှိမှုအား နှိုင်းယှည်ကြည့်ရာတွင် ၎င်း ကျေးရွာ၏ အဓိကဝင်ငွေရရှိစေသော အလုပ်မှာ သစ်ထုတ်လုပ်မှုလုပ်ငန်းဖြစ်သည့်အတွက်ကြောင့် အမျိုးသားများကသာ အဓိကလုပ်ကိုင်ကြသောကြောင့်ဖြစ်သည်။ သို့သော်လည်း သစ်များ ထုတ်ယူ ခြင်းမှာ ကုန်ဆုံးသွားနိုင်သဖြင့် နောက်နှစ်တွင်လည်း အမျိုးသားများလည်း ဝင်ငွေရရှိမှုနည်းလာတော့မည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့အတွက်ကြောင့် အိမ်တွင်းမှုလုပ်ငန်းအား အမျိုးသမီးအနေဖြင့် ကြိုတင်ပြင်ဆင်လုပ်ဆောင်ပြီး ဦးစားပေးဆောင်ရွက်မှသာလျှင် ဝင်ငွေရရှိမှုမှာ ကောင်းမွန်လာ ပြီး စားဝတ်နေရေးအဆင်ပြေစေမှာဖြစ်ပါသည်။ လုံခြုံမှုကို တိုင်းတာကြည့်ရာတွင် အမျိုးသားများ မှာ အမျိုးသမီးများထက် ပိုမိုလုံခြုံမှုရှိသည်ကို တွေ့ရပါသည်။ သို့သော် အမျိုးသမီးများနှင့် ဆွေးနွေး ရာတွင် မိမိကျေးရွာဒေသအခြေအနေဖြင့် လုံခြုံမှုမှာ ကောင်းမွန်နေပါပြီ မိမိတို့၏ စိတ်ကသာ ကြောက်စိတ်ရှိနေသဖြင့် လုံခြုံမှုအားနည်းသော ရလဒ်ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ အပေါင်းအ ဖော်နှင့် သွားလာခြင်းဖြင့် ကြောက်စိတ်မရှိသောကြောင့် လုံခြုံမည်ဟု သုံးသပ်မိပါသည်။ ဆုံးဖြတ် ပိုင်ခွင့် သုံးသပ်ရာတွင် ၎င်းကျေးရွာအနေဖြင့် ပူးပေါင်းပါဝင်မှု တန်းတူပူးပေါင်းပါဝင်ကြသော် လည်း ဆွေးနွေးရုံသာ ဆွေးနွေးကြပြီး အရေးကြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းမျိုးတွင် အမျိုးသားများ သြဇာညောင်းနေသေးသည်။ အကြောင်းမှာ ဦးစီးဦးဆောင်မှုတွင် အမျိုးသားများသည်သာ အိမ်ထောင်ဦးစီးဆိုသော အတွေးများကြောင့် ပိုပြီး ဦးစီးဦးဆောင်ကာ အုပ်ချုပ်ရေး၊ ရွာမိရွာဖ၊ ရွာကော် မတီစသော ဆုံးဖြတ်ချက်ချမှတ်နိုင်သော ရာထူးနေရာမျိုးတွင် မရရှိသေးသောကြောင့် အမျိုးသမီး တို့မှာ ဆုံးဖြတ်ပိုင်ခွင့်နှင့် ဦးစီးဦးဆောင်ခွင့်တို့ ဆုံးရှုံးရခြင်းဖြစ်သည်။

အလားတူပင် ပညာသင်ကြားခွင့်နှင့် လက်လှမ်းမီမှု၊ တတ်မြောက်မှုလေ့လာကြည်ရာတွင် အ မျိုးသမီးတို့သည် အမျိုးသားထက် ပိုကာ လက်လှမ်းမီမှုရှိနေသည်။ သို့တွက်ကြောင့်လည်း တာဝန် ခွဲဝေမှုတွင် တန်းတူအခွင့်အရေးရရှိကြသည်။ (ဥပမာ- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ) တို့တွင် တာဝန် ကိုခွဲဝေကာ ထမ်းဆောင်ကြပါသည်။ သို့သော်လည်း အိမ်မှုကိစ္စတွင် အမျိုးသမီးတို့ပိုမိုကာ ဆောင် ရွက်နေရကြောင်း တွေ့ရပါသည်။


ထို့ကြောင့် ဒေါ်ပဲ့ဒူကျေးရွာသူ/သားတို့ ကျား-မတန်းတူအခွင့်အရေးများ ရရှိလာစေဖို့အတွက် ဦးစီးဦးဆောင်ခွင့်နှင် ဆုံးဖြတ်ချက်ချပိုင်ခွင့် ရရှိနိုင်သော အုပ်ချုပ်ရေးအခန်းကဏ္ဍတွင် ဝင်ရောက် ရွေးချယ်ခွင့်ပေးခြင်း ၊ရွာမိရွာဖကော်မတီနေရာမျိုးတွင် အမျိုးသမီးကိုယ်စားလှယ်ထားပေးခြင်းတို့ ကိုဆောင်ရွက်ပေးပါက ဦးဆောင်မှုနှင့်

ဆုံးဖြတ်ခွင့်အခွင့်အရေးများ တန်းတူရရှိလာပါလိမ့်မည်။ အမျိုးသမီးများ၏ လုံခြုံမှုများကိုလည်း လုပ်ဆောင်လာလိမ့်မည်။ ထို့နောက် အိမ်တွင်းမှုတွင် အချိန် ပိုပေးနေရသော အမျိုးသမီးများအတွက် အသေးစား အိမ်တွင်းမှုသင်တန်းများ ပို့ချပေးကာ အရင်း အနှီးများ မတည်ပေးခြင်းဖြင့် မိသားစုဝင်ငွေပိုမိုရရှိစေလိမ့်မည်ဟု သုံးသပ်မိပါသည်။

**ကူညီပံ့ပိုးသူ - CF/ဦးတူရယ်**

**ပါဝင်ဆွေးနွေးသူ - ကျား(၃၁)ဦး၊ မ (၁၆)ဦး**

အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ



## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

ဒေါပဲ့ဒူကျေးရွာသူ/သားများ၏ ဆွေးနွေးဖော်ထုတ်ချက်အရ ဒေါပဲ့ဒူကျေးရွာအတွင်းတွင် ကျေးရွာလူထုမှ ဖွဲ့စည်းတင်မြှောက်ထားသော ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ လူငယ်အဖွဲ့၊ ရွာမိရွာဖ အဖွဲ့၊ လူထုဗဟိုပြုကော်မတီအဖွဲ့၊ စပါးဘဏ်ကော်မတီအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ ဖွံ့ဖြိုးရေးကော်မတီ အဖွဲ့၊ မော်မိုးကော်မတီအဖွဲ့၊ ဆယ်ကျော်သက်အဖွဲ့နှင့် ကြက်ခြေနီကော်မတီအဖွဲ့တို့ရှိပါသည်။ ထို့ အပြင် ကျေးရွာအပေါ်ဩဇာအာဏာသက်ရောက်မှုရှိပြီး အကျိုးပြုလျက်ရှိသော အုပ်စုအုပ်ချုပ်ရေး မှူး၊ နတလအဖွဲ့နှင့် LDN အဖွဲ့အစည်းတို့လည်း ပြင်ပမှနေ၍ရှိပါသည်။ ဒေါပဲ့ဒူကျေးရွာတွင်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာမှ ရွာမိရွာဖကော်မတီတို့သည် ဩဇာအာဏာအရှိဆုံးဖြစ်ပြီး ကျေးရွာနှင့် ပတ်သက်သောကိစ္စကြီးငယ်တို့ကို သူတို့သာကျေးရွာလူထု၏ သဘောဆန္ဒကိုရယူပြီး ဆုံးဖြတ်ချက်ချလေ့ရှိပါသည်။ ၎င်းတို့၏ ဆုံးဖြတ်ချက်ကိုရယူပြီး လူငယ်အဖွဲ့မှ ဦးစီးဦးဆောင်ကာ သာရေး/နာရေးကိစ္စတို့တွင် စွမ်းစွမ်းတမံလုပ်ကိုင်ဆောင်ရွက်လေ့ရှိကြပါသည်။ ထို့ကြောင့်လည်း လူငယ်အဖွဲ့အစည်းသည် မရှိလျှင်မဖြစ်သော အဖွဲ့အစည်းတစ်ဖွဲ့ဟု သတ်မှတ်ကြပါသည်။ လူထုဗဟို ပြုကော်မတီကိုလည်း အရေးကြီးသောအဖွဲ့တစ်ဖွဲ့ဟု သတ်မှတ်ပြီး ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲများ ကိုဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်စေပါသည်။ စပါးဘဏ်ကော်မတီသည်လည်း ကျေးရွာလူထု အတွင်းမှ စားဝတ်နေရေးလုံလောက်မှုမရှိသော အိမ်ထောင်စုများကို အတိုးနှုန်းသက်သာစွာ ထုတ် ချေးပေးပါသည်။ ၎င်းကို ACF မှ ဖွဲ့စည်းတည်ထောင်ထားပေးခြင်းဖြစ်ပါသည်။ ကျန်းမာရေးအဖွဲ့ သည် ကျေးရွာလူထု၏ ကျန်းမာရေးကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးများအား စောင့်ရှောက်ပြီး သက်ဆိုင်ရာကို ဆွေးနွေးတင်ပြပေးသောကြောင့် လူထုကျန်းမာရေးအတွက် အရေးကြီးပါသည်။ ထို့နည်းတူ ကြက်ခြေနီအဖွဲ့သည် လိုအပ်သောဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးပါ သည်။ ထို့နောက် ဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာ၏ လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အုပ်စု သို့ဆွေးနွေးတင်ပြပေးသော အဖွဲ့အစည်းဖြစ်ပါသည်။ အုပ်စုမှတစ်ဆင့် မြို့နယ်သို့ ပြန်လည်တင်ပြ တောင်းခံပေးပါသည်။ ထို့နောက် LDN မှ ကျေးရွာလူထုနှင့် ဖွဲ့စည်းထားသော ဆယ်ကျော်သက် အဖွဲ့လည်း ရှိပါသည်။ ၎င်းအဖွဲ့သည် ကလေးများနှင့်ပတ်သက်သော အခွင့်အရေးများ ပို့ချပြီး ထောက်ပံ့ကြေးများ၊ ရန်ပုံငွေများ ပံ့ပိုးပေးပါသည်။ သို့သော် အဖွဲ့အသီးသီးမှာ လုပ်ဆောင်ချက်တိုင်း ကို ကျေးရွာအုပ်ချုပ်ရေးမှူးအား အသိပေးရသည်။ ထိုမှတစ်ဆင့် အုပ်စုအုပ်ချုပ်ရေးမှူးထံသို့ ပြီးစီးသွားသော လုပ်ဆောင်ချက်ကို အစီရင်ခံနိုင်မည်ဖြစ်သည်။ ကျေးရွာများကို အုပ်စုအုပ်ချုပ်ရေးမှူးမှ ချုပ်ကိုင်ထားသဖြင့် ၎င်းအား အသိပေးပြီးမှသာ (ခွင့်ပြုချက်ရယူပြီးမှသာ) လုပ်ဆောင်လိုသော အရာများကို လုပ်ဆောင်နိုင်ပါသည်။


ဒေါပဲ့ဒူကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအား ကောင်းရန် လိုအပ်လျက်ရှိပြီး အမျိုးသမီးများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာနိုင်စေရန်အတွက်

ဆုံဖြတ်ချက်(ချပေးနိုင်သော၊ အခွင့်အရေး)ရှိသော အဖွဲ့အစည်းနေရာမျိုးတွင် ပါဝင်ခွင့်ပေးပြီး လက် တွဲခေါ်ယူသွားရန် လိုအပ်သည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ကူညီပံ့ပိုးသူ - CF/ဦးတူရယ်**

**ပါဝင်ဆွေးနွေးသူ - ကျား(၃၁)ဦး၊ မ (၁၆)ဦး**

## ရာသီခွင်ပြ ပြက္ခဒိန်



## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

ဒေါပဲ့ဒူကျေးရွာ၏ တစ်နှစ်တာကာလရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်သတ်မှတ်ကြရာတွင် တောင်ယာခုတ်ချိန်၊ စိုက်ပျိုးသည့်ကာလ၊ ပွဲတော်ကာလ၊ ရေရှားပါးသောကာလ၊ အိမ်ဆောက်ကာ လ၊ တောမီးရှို့ကာလ၊ ရိတ်သိမ်းချိန်နှင့် စားဝတ်နေရေးခက်ခဲသောကာလဟူ၍ သတ်မှတ်ခဲ့ကြပါ သည်။ ဒေါပဲ့ဒူကျေးရွာသူ/သားတို့သည် တောင်ယာစိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြ သည်။ အချို့ရွှေ့ပြောင်း တောင်ယာစနစ်ကို ကျင့်သုံးနေသေးသည့်အတွက် ဇန်နဝါရီလ၊ ဖေဖော်ဝါရီ လများတွင် ယာခင်းဖော်ရန်အတွက် တောင်ယာခုတ်ကြပါသည်။ ခုတ်ပြီး အခြောက်လှမ်းကာ မတ် လတွင် မီးရှို့၍ တောင်ယာခင်းကို ရှင်းလင်းကြပါသည်။ ဧပြီ၊ မေလတို့တွင် ထွန်ယက်ကာ မေ၊ ဇွန်၊ ဇူလိုင်လများတွင် စပါး၊ မြေပဲ၊ ပြောင်း၊ နှမ်းတို့ကို စိုက်ပျိုးကြပါသည်။ ထို့နောက် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလအထိ သီးနှံအမျိုးအစားအလိုက် ပြန်လည်ရိတ်သိမ်းကြပါ သည်။ ဒေါပဲ့ဒူကျေးရွာသူ/သားတို့သည် အချို့မှာ စားဝတ်နေရေးမဖူလုံပေ။ များသောအားဖြင့် စိုက်ပျိုးရေးကာလတွင် စိုက်ပျိုးကာ ရုန်းကန်နေရသဖြင့် ပြင်ပဝင်ငွေရှာရန် အချိန်မပေးနိုင်တော့ပါ။ ထို့ကြောင့် စိုက်ပျိုးသည့်ကာလနှင့် ပေါင်းတင်မြက်ရှင်းသည့်လများတွင် စားဝတ်နေရေးပိုမိုခက်ခဲ သည်ကို တွေ့ရှိရပါသည်။ ဒေါပဲ့ဒူကျေးရွာသည် အိမ်ဆောက်ကာလကို သတ်မှတ်ထားသောလရှိ သည်။ အယူအဆရှိသည့်လမှာ မတ်လဖြစ်သည်။ မတ်လတွင် အိမ်ကိုစတင်ဆောက်လုပ်ကြသည်။ ကြို၍ ဖေဖော်ဝါရီလမင်္ဂလာဆောင်သောလတို့တွင် အိမ်စတင်ဆောက်လုပ်၍မရပါ။ ၎င်းလသည် ညစ်နွမ်းသောလဟု သတ်မှတ်ကြပါသည်။ ဒေါပဲ့ဒူကျေးရွာသည် ပွဲတော်လများကို ဖေဖော်ဝါရီလ တွင်မင်္ဂလာဆောင်ပွဲများ ပြုလုပ်ခြင်း၊ မတ်လတွင် အိမ်သစ်တက်ပွဲ၊ တောလိုက်ပွဲများပြုလုပ်ခြင်း၊ ဧပြီလတွင်တံခွန်တိုင်ပွဲ၊ ဇူလိုင်လတွင်စိုက်ပျိုးပြီးသော အထိမ်းအမှတ်အဖြစ် ဝါးဖုတ်ပွဲ၊ စက်တင်ဘာ လတွင်ဒီးကူပွဲ၊ အောက်တိုဘာလတွင် စပါးနှံနတ်တင်ပွဲ စသောပွဲများ ရွာလုံးကျွတ်ပွဲကြီးများ ဖြစ်ကြ ပြီး (၁)ရက်မှ (၂)ရက် အထိ ကြာမြင့်သည်။ ဒီဇင်ဘာလတွင် ကောက်သစ်စားပွဲ(သို့)ထမင်းထောင်း ပွဲကို အိမ်တိုင်းအိမ်တိုင်း တစ်အိမ်ပြီးတစ်အိမ် ဒီဇင်ဘာလတွင်း အပြီး ပြုလုပ်ကြပါသည်။ ပျော်ရွှင် စရာကောင်းသော ရိုးရာပွဲတော်များဖြင့် ဆင်နွဲကြကာ ၎င်းတို့သည် ပျော်ရွှင်စွာဖြင့်သာ နှစ်များကို ကုန်ဆုံးစေခဲ့ပါသည်။ သို့သော် ဒေါပဲ့ဒူကျေးရွာသည် ရေခက်ခဲသော ကျေးရွာဖြစ်သည်။ အခက်ခဲဆုံး လများမှာ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေလ တို့ဖြစ်သည်။ ကျန်သောလများမှာ လည်း မိုးရေကိုသောက်ရေ/သုံးရေအဖြစ် မှီခိုအားထားကြရပါသည်။ ၎င်းတို့မှာ ရေအခက်အခဲ ကြောင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့တွင် များစွာဖွံ့ဖြိုးမှုနောက်ကျနေးစေပါ သည်။ ဥပမာ-ပွဲများပြုလုပ်ရာတွင် ရေလုံလောက်မှုမရှိခြင်း၊ ရေခပ်ရန် တစ်ရက်ကို (၁)ယောက်နှုန်း အချိန်ပေးနေရခြင်း၊ ရေလုံလောက်စွာမထားရှိသည့်အတွက် တစ်ကိုယ်ရည်သန့်ရှင်းမှုမရှိခြင်း၊

စာသင်အရွယ်ကလေးများပါ ရေခပ်ရသောကြောင့် ပညာရေးထိခိုက်လာခြင်း နောက်ဆုံးကျောင်းထွက်ရသည်အထိ ဆိုးကျိုးများခံစားနေကြရပါသည်။

ဒေါပွဲဒူကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်ကို လေ့လာသုံးသပ်ရာတွင် သမာရိုးကျစိုက်ပျိုးပြီး အဓိကဝင်ငွေရရှိမှုမှာ သစ်ထုတ်လုပ်မှုဖြစ်သည်။ သစ်ထုတ်လုပ်မှုမှာ ကုန်ဆုံးသွားနိုင်သည့်အတွက် စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးပေးနိုင်ပါမှ စားဝတ်နေရေးရေရှည်တွင် အဆင်ပြေလာလိမ့်မည်။ ၎င်းတို့၏ အဓိကပြဿနာဖြစ်သော ရေအခက်အခဲကို ဦးစားပေးဖြေရှင်းဆောင်ရွက်သင့်သည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ကူညီပံ့ပိုးသူ - CF/ဦးတူရယ်**

**ပါဝင်ဆွေးနွေးသူ - ကျား(၃၁)ဦး၊ မ (၁၆)ဦး**

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဉ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဦးနဲရယ် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၂ | ဒေါ်နဲမယ် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၃ | ဒေါ်ဖိုးမိုး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးစူးရယ် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၅ | ဦးဘဲရယ် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးစီးရယ် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်ရှေးမိုး | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးသလဲ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဒေါ်ညေးမြာ | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ ၊ ခေါင်းဆောင် |
| ၁၀ | ဒေါ်စိုးမယ် | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ ၊ အဖွဲ့ဝင် |
| ၁၁ | ဦးရှားရယ် | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ ၊ အဖွဲ့ဝင် |
| ၁၂ | ဦးဘော်ရယ် | ကျား | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၃ | ဒေါ်ဘဲမယ် | မ | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၄ | ဒေါ်မိမြာဦး | မ | ကျေးရွာစားရင်းကိုင် |
| ၁၅ | ဦးပိုးရယ် | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်ဖဲမယ် | မ | ကျေးရွာစေတနာ့ဝန်ထမ်း |



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ







## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စဉ်း သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးငါးရယ် | ၀၉-426972855 | ခူးထူးရယ် |

| ပြည်နယ်၊ တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဒီးမော့ဆို | ဒေါဖု | ဒေါပဲ့ဒူ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၅၁ | ဘာသာ (၁) တံခွန်တိုင် ဗုဒ္ဓ | ၅၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၈ ဦး | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယား | ၁၅၉ | ၁၄၆ |
| လူမျိုးစု (၂) ------------ | | |
| လူမျိုးစု (၃) ------------ | | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၄၆ | ၅ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☑ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် တံခွန်တိုင် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☑ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

**ကျောက်ကြမ်းလမ်း** ကျောက်ခင်းလမ်း **ကတ္တရာလမ်း** မြေသားလမ်း ကွန်ကရစ်လမ်း လှည်းသွားလမ်း မော်တော်ဆိုင်ကယ်လမ်း အခြား ____________

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ (ပိုင်းပါ)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ်-၂၀၁၁ ACF-----/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်-၁မိုင် ခွဲ-----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၅ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---၃ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ၁၉၅၈ [illegible]

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ACF (ရေပါး[illegible])

(၂) ကျက်ဖြေနှီ သဘင်းမှ!

ကျေးရွာခေါင်းဆောင် — အမည် ဦးပါ့ဂျယ်

လက်မှတ် [signature] နေ့စွဲ ၂၃.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၂၃.၁၀.၂၀၁၇

ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုအညွှန်းရေးမှူး၊ လက်တောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ... ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးဝူရဲ

နေ့စွဲ 23 · 10 · 2017

စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄)

| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဒေါ်ဖဲ | ကျေးရွာ ဒေါ်ပဲ့ဒူ |
|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 23.10.17 | 23.10.17 | ၃၁ ဦး | ၁၆ ဦး | ၄၇ | ကယား |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 23.10.17 | 23.10.17 | ၁၈ ဦး | ၁၇ ဦး | ၃၅ ဦး | ကယား |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 3.11.17 | 3.11.17 | ၁၅ ဦး | ၉ ဦး | ၂၄ | ကယား |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖေါ်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 26.12.17 | 26.12.17 | ၁၈ | ၁၇ | ၃၅ | |

| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၈.၁၂.၁၇ / [illegible] | [illegible] | ၈၁ ဦး | ၅ ဦး | ၁၅ ဦး | |
|---|---|---|---|---|---|---|
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်းအတည်ပြုခဲ့ ရေးဆွဲခြင်း | 〃 | 〃 | 〃 | 〃 | 〃 | ၊ |
| ၆.၂။ ထပ်လုပ်ရေးအစီအစဉ် ရေးဆွဲခြင်း | 〃 | 〃 | 〃 | 〃 | 〃 | ၊ |
| ၆.၃။ ဘဏ္ဍာရေးတာဝန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 〃 | 〃 | 〃 | 〃 | 〃 | ၊ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 〃 | 〃 | 〃 | 〃 | 〃 | ၊ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | ၊ |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | ၊ |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | ၊ |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | ၊ |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | ၊ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | ၊ |

## ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)**

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးတူးဂျပ်

နေ့စွဲ 23.10.2017

စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄)

| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဒေါ်ပု | ကျေးရွာ ဒေါ်ပဲ့ဦး |
|---|---|---|---|

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ရေခပ်လမ်းသွားလာရ ခက်ခဲ | ၁ | သားသမီး ကလေး ကျောင်းတက်ရာတွင် မိုး အဆင်မပြေခြင်း |
| ၂ | တစ်ကိုယ်ရေ သန့်ရှင်းမှု မရှိ/ဝမ်းကောက်ရောဂါဖြစ်များ | ၂ | ရေခပ်ရာတွင် အချိန်ကုန်ရသော အခက်ခဲ |
| ၃ | အသိပညာနားလည်းခြင်းကြောင့် စည်းလုံးမှုမရှိ | ၃ | တာပေ မပေးသွင်းပေးခြင်းကြောင့် လူဝင်မဆံ့ |
| ၄ | မူကြိုဆရာမ လစာ လစဉ်ပေးဆောင်ရသောအခက်ခဲ | ၄ | သီးနှံ ခကောင်းခြင်းကြောင့် စားဝတ်နေရေး အဆင်မပြေ |
| ၅ | တယ်လီဖုန်းလိုင်းမရှိသောအခက်ခဲ | ၅ | တစ်ကိုယ်ရေ သန့်ရှင်းမှုမရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | အသိပညာဗဟုသုတ ရရှိလာနိုင်ရမည် | ၁ | လျှပ်စစ်မီး၊ ရေကောင်းရေသန့် ရရှိလာနိုင်ရမည် |
| ၂ | အကျယ်တဝင့် ဆက်သွယ်လာနိုင်ရမည် | ၂ | ရွာတွင်းလမ်း ကောင်းမွန်စွာ သွားလာနိုင်ရမည် |
| ၃ | [illegible]များ ပြန်လည်ဆို မြေလာစေရမည် | ၃ | ဆေးကုသမှု ရေးကောင်းမွန်စေရမည် |
| ၄ | လျှပ်စစ်မီး လင်းလာနိုင်စေရမည် | ၄ | အုပ်စုအတွင်း အလယ်တန်းကျောင်း ရရှိ၍ အသိပညာဖွံ့ဖြိုးလာရ |
| ၅ | စီးပွားရေး၊ ပညာရေး၊ ရေ အဆင်ပြေရမည် | ၅ | သစ်တောများ ပြန်လည် ထိန်းသိမ်းလာနိုင်ရမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရေခပ်လမ်း ပြုပြင်ခြင်း | ကျား | 488 သိန်း | 305 |
| ၂ | မိုးရေကျောက်ကန် (၃)လုံး | ကျား+မ | 120 သိန်း | 305 |
| ၃ ✓ | ရေပိုက်သွယ်ခြင်း | မ | 215 သိန်း | 305 |
| ၄ ✓ | ရွာတွင်းလမ်း ကျောက်လမ်း(ကျောက်လမ်း) | ကျား+မ | 67 သိန်း | 305 |
| ၅ | မူကြိုကစားကွင်း | ကျား+မ | 50 သိန်း | 305 |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
| --- | --- | --- | --- |
| ၁ ✓ | ရေကန် မြေပြန့်ဆည်မြောင်း | ကျား | ဆည်မြောင်း |
| ၂ ✓ | ကျန်းမာရေး သင်တန်း | ကျား+မ | ကျန်းမာရေး |
| ၃ ✓ | သီးနှံ ကုန်ထုတ်လုပ် | ကျား | စိုက်ပျိုးရေး |
| ၄ ✓ | ချုပ်စက်ပြီး | ကျား + မ | ချုပ်စက် |
| ၅ ✓ | အုပ်စု အလယ်တန်းကျောင်း | မ | ပညာရေး |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးနိုင်ရယ် လက်မှတ် ........ နေ့စွဲ 19.10.2017

# နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ


ဒေါပဲ့ဒူ ကျေးရွာ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မှရင်းသည့်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာတွင်း ကျောက်ချော လမ်း | ☑ ပ ☑ များ | | |
| | ၂ | သီးနှံကုန်စည်ထုတ်လမ်း | ☑ ပ ☐ များ | | |
| | ၃ | | ☐ ပ ☐ များ | | |
| | ၄ | | ☐ ပ ☐ များ | | |
| | ၅ | | ☐ ပ ☐ များ | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ ပ ☐ များ | | |
| | ၂ | | ☐ ပ ☐ များ | | |
| | ၃ | | ☐ ပ ☐ များ | | |
| | ၄ | | ☐ ပ ☐ များ | | |
| | ၅ | | ☐ ပ ☐ များ | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ရေခပ်လမ်း ပြုပြင်ခြင်း | ☐ ပ ☑ များ | | |
| | ၂ | ဂါလံ (၅၀၀၀) ရေကန် (၃) လုံး | ☑ ပ ☑ များ | | |
| | ၃ | ရေပိုက်လိုင်းသွယ်ခြင်း | ☑ ပ ☐ များ | | |
| | ၄ | ရေကန် မြေဖြင့်ဆည်ခြင်း | ☐ ပ ☑ များ | | |
| | ၅ | ကျန်းမာရေး သင်တန်း | ☑ ပ ☑ များ | | |
| ပညာရေး | ၁ | မူကြို စာသင်ကျောင်း | ☑ ပ ☑ များ | | |
| | ၂ | မူလတန်း အလယ်တန်း ကျောင်း | ☑ ပ ☐ များ | | |
| | ၃ | | ☐ ပ ☐ များ | | |



| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | လျှပ်စစ်မီး | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

နေရာ ကျေးရွာခန်းမဆောင်

အချိန် -နံနက် ၉ နာရီ

ရက်စွဲ - ၂၃.၁၀.၂၀၁၇

အစည်းအဝေးတက်ရောက်သူကျား (၃၁) ဦး ၊ မ (၁၆) ဦး

ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်း အစည်းအဝေးကို (၂၃.၁၀.၂၀၁၇) ရက်နေ့တွင် ဒေါပဲ့ဒူကျေးရွာတွင် အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ခဲ့သည်။ အစီအစဉ်အရစီထောက်ဥက္ကဌ ဦးညားရယ် မှ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်ပြီး လူထုစည်းရုံးရေးမှူး ဦးတူးရယ်မှ စီမံကိန်းနှင့် ပတ်သက်ပြီး မိတ်ဆက်ခြင်း အစီအစဉ်ကို ဦးဆောင်ခဲ့သည်။ ဆက်လက်ပြီး လက်ထောက်နည်းပညာမှူး ဦးဖင်းဆင့်လုလူ မှ စီမံကိန်းအကြောင်းကို မိတ်ဆက်ရှင်းလင်းသည်။ ဆက်လက်ပြီး လူထု စည်းရုံးရေးမှူး ဦးတူးရယ် မှ စီမံကိန်းတွင် အဓိကပါဝင်သူများနှင့် တာဝန် ဝတ္တရားများကိုရှင်းပြပြီး ကော်မတီများ ပြန်လည်အတည်ပြုခြင်းကို လုပ်ဆောင်သည်။ ဆက်လက်ပြီး လူအများပါဝင်သော လူထုဆန်းစစ်မှုကို ပြန်လည်ဆွေးနွေး အတည်ပြုမှုများပြုလုပ်ခဲ့သည်။

PSA/PRA များပြန်လည်အတည်ပြု ဆွေးနွေးပြီး ကျေးရွာအခက်အခဲများကို ပြန်လည် အတည်ပြုပြီး အခက်အခဲများအတွက် မျှော်မှန်းချက်များကို ပြန်လည်ဆွေးနွေးတင်ပြခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်လက်ပြီး စီမံကိန်းလုပ်ငန်းခွဲများကို ပြန်လည်အတည်ပြုရေးဆွဲခဲ့သည်။ ထို့နောက် ဦးဖင်းဆင့်လုလူ မှ အကြုံးမဝင်မှုများကိုရှင်းပြသည်။ ဆက်လက်ပြီး လက်ထောက်နည်းပညာမှူး ဦးဖင်းဆင့်လုလူ မှ အကာအကွယ်နှင့်ပတ်သက်ပြီး ရှင်းပြခဲ့သည်။ ထို့နောက် ဦးညားရယ် မှ ကျေးဇူးတင်စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးမှတ်တမ်းတင်သူ - ဦးတူးရယ်

-

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Socila map/ Resources Map) | ၂၄-၁၀-၂၀၁၇ | ရပ်မိရက်ဖ၊ကော်မတီဝင်၊ကျေးရွာလူထုများအားလုံး | ၃၁ | ၁၆ | ၄၇ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦများ၊လုပ်ပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေများ၊ရေထွက်ပေါက်၊ရေလှောင်ကန်၊သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၂၄-၁၀-၂၀၁၇ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး၊ | ၃၁ | ၁၆ | ၄၇ | ကျေးရွာလူမှုစီးပွားရေးကိုအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ရန်အများလူထုသဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာကဏ္ဍ (Access Mapping) | ၂၄-၁၀-၂၀၁၇ | ကျေးရွာအတွင်းရှိအမျိုးသားနှင့်အမျိုးသမီးများ | ၃၁ | ၁၆ | ၄၇ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ပိုင်ဆိုင်မှု၊အခြေခံအဆောက်အဦးစသောလုပ်ငန်းများကိုဘယ်သူတွေကအသုံးပြု၊ထိမ်းချုပ်နေသလဲဆိုတာကိုဆွေးနွေးမှုများပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၄-၁၀-၂၀၁၇ | အမျိုးသားများနှင့်အမျိုးသမီးများ၊ကျေးရွာလူထု | ၃၁ | ၁၆ | ၄၇ | အမျိုးသားများနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၄-၁၀-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့၊ကျေးရွာလူထု | ၃၁ | ၁၆ | ၄၇ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့်မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိကဆွေးနွေးချက်များ |
| --- | --- | --- | --- | --- | --- | --- | --- |
| | | | | က | မ | ပ | |
| ၆ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calender) | ၂၃-၁၀-၂၀၁၇ | ကော်မတီဝင်များ၊အမျိုးသမီး/သားဆင်းရဲနွမ်းပါးသူ | ၃၁ | ၁၆ | ၄၇ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ပွဲတော်ချိန်၊မိုးများကာလ၊ကျန်းမာရေးဆိုးကာလ၊ဝင်ငွေအကောင်းဆုံးကာလ၊အလုပ်ပါးကာလ၊ရေရှားကာလ |
| ၇ | အခက်အခဲ/ပြဿနာ (Problem) | ၂၃-၁၀-၂၀၁၇ | အမျိုးသမီး/သား၊လူထုအားလုံး | ၃၁ | ၁၆ | ၄၇ | ငွေကြေးအရင်းအနှီးမရှိ၊လမ်းပန်းဆက်သွယ်ရေး၊မီးလင်းရေးရေလုံလောက်မှုမရှိဖုန်းဆက်သွယ်ရေး၊ကျန်းမာရေး၊ပညာရေး၊စီးပွားရေး၊စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာမျှော်မှန်းချက်များ (Village visions) | ၂၃-၁၀-၂၀၁၇ | ကျေးရွာလူထုအားလုံး | ၃၁ | ၁၆ | ၄၇ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ပညာရေး၊လူမှုရေး၊ကျန်းမာရေး၊ဘာသာရေးပိုမိုကောင်းမွန်လာ၊ကျေးရွာစည်းလုံးခြင်းပိုမိုကောင်းမွန်လာ၊စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ (Village Approve Vision) | ၂၃-၁၀-၂၀၁၇ | ရွာလူထုအားလုံး | ၃၁ | ၁၆ | ၄၇ | လမ်း(ကတ္တရာ)၊မီး(လျှပ်စစ်မီး)၊ခန်းမဆောင်၊ရေလှောင်ကန်၊ရေငုတ်/ပိုက်၊စာသင်ကျောင်းတိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေးလုပ်ငန်းစဉ်များ (Village Object Vision) | ၂၃-၁၀-၂၀၁၇ | ရွာလူထုအားလုံး | ၃၁ | ၁၆ | ၄၇ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အဆင့်သတ်မှတ်ခြင်း၊တိုင်းတာခြင်း၊ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်း၊အကျိုးခံစားခွင့်ရှိသူလူဦးရေ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁၁ | ကျေးရွာသမိုင်းအကျဉ်းချုပ် (Village History) | ၂၄-၁၀-၂၀၁၇ | အမျိုးသမီး/သား၊လူထုအားလုံး | ၃၁ | ၁၆ | ၄၇ | ကျေးရွာစတင်တည်ထောင်သည့်ခုနှစ်၊အိမ်ခြေ၊လူဦးရေ၊လူမျိုး၊ဘာသာစသောကျေးရွာသမိုင်းအချက်အလက်အဆင့်ဆင့်များကိုဖော်ထုတ်ခြင်း |